စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကော်ဖီ

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၆)

(HS- Code 090111)

Coffee (excluding roasted and decaffeinated)









August 2018

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 090111 Coffee (excluding roasted and decaffeinated)

(HS-Code 090111)


Coffee (excluding roasted and decaffeinated)

## ကမ္ဘာထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1. Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 4910264 | 1430383 | 3433 | 23.6 |
| Germany | 2807312 | 1040752 | 2697 | 13.5 |
| Italy | 1538363 | 563258 | 2731 | 7.4 |
| Japan | 1319037 | 403954 | 3265 | 6.3 |
| Belgium | 812468 | 271955 | 2988 | 3.9 |


Source : ITC TradeMap




Source : ITC TradeMap

List of importing countries for the selected product in 2017

Product : 090111 Coffee (excluding roasted and decaffeinated)




Source : ITC TradeMap

၁။ ဖော်ပြပါ (HS-Code 090111) ကော်ဖီအား ၂၀၁၇ခုနှစ်တွင် အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အမေရိကန်၊ဂျာမဏီ၊ အီတလီ၊ ဂျပန်နှင့် ဘယ်လဂျီယမ်နိုင်ငံတို့ ဖြစ်ကြသည်။ အမေရိကန်နိုင်ငံ၏ ကော်ဖီတင်သွင်းမှု တန်ဖိုးသည် ကန်ဒေါ်လာ ၄၉၁၀ ဒသမ ၂၆၄ သန်းဖြစ်ပြီး ကမ္ဘာ့ ကော်ဖီဈေးကွက်တွင် ဈေးကွက်ဝေစု ၂၃ ဒသမ ၆ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဂျာမဏီနိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၈၀၇ ဒသမ ၃၁၂ သန်းနှင့် ဈေးကွက် ဝေစု ၁၃ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အလားတူအီတလီ၊ ဂျပန်၊ ဘယ်လ်ဂျီယမ်နိုင်ငံတို့က ဈေးကွက် ဝေစု ၇ ဒသမ ၄ ရာခိုင်နှုန်း ၊ ၆ ဒသမ ၃ ရာခိုင်နှုန်း ၊ ၃ ဒသမ ၉ ရာခိုင်နှုန်းတို့ဖြင့် အစဉ်လိုက် ရပ်တည် လျက် ရှိကြသည်။ ကော်ဖီဝယ်ယူသော ကမ္ဘာ့နိုင်ငံ ၂၀၀ ရှိပြီး မြန်မာနိုင်ငံက ၁၁၀ နေရာတွင်ရှိနေပါသည်။

## မြန်မာ့ ကော်ဖီတင်ပို့သည့် ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 2. Top 5 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 602 | 90 | 6689 | 30.6 |
| Korea, Republic of | 457 | 100 | 4570 | 23.2 |
| Japan | 178 | 36 | 4944 | 9.1 |
| Malaysia | 155 | 62 | 2500 | 7.9 |
| Solomon Islands | 128 | 39 | 3282 | 6.5 |

Source : ITC TradeMap

၂။ ၂၀၁၇ ခုနှစ်တွင် မြန်မာ့ကော်ဖီအား အများဆုံး တင်ပို့ရောင်းခဲ့သည့် နိုင်ငံများမှာ အမေရိကန်၊ ကိုရီးယား၊ ဂျပန်၊ မလေးရှားနှင့် ဆော်လမွန်ကျွန်းစုနိုင်ငံများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာ့ကော်ဖီကို အာရှနိုင်ငံများသို့သာမက အနောက်နိုင်ငံများသို့ပါ တင်ပို့ရလျှက်ရှိ သည်ကိုတွေ့ရှိရပါသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 3. Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Japan | 1319037 | 403954 | 6.3 |
| Korea, Republic of | 486565 | 146446 | 2.3 |
| Russian Federation | 449627 | 165340 | 2.2 |
| Malaysia | 218155 | 89041 | 1 |
| Saudi Arabia | 183278 | 50061 | 0.9 |

Source : ITC TradeMap


၃။ လေ့လာနေသော ကော်ဖီကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ဖြစ်ကြသည်။ ဂျပန်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၃၁၉ ဒသမ ဝ၃၇ သန်းနှင့် အရေအတွက် ၄ဝ၃၉၅၄ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ကိုရီးယားနိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄၈၆ ဒသမ ၅၆၅ သန်းဖိုးနှင့် အရေအတွက် ၁၄၆၄၄၆ တန်နှင့် ဒုတိယအများဆုံး ဝယ်ယူလျက် ရှိကြောင်း တွေ့ရသည်။ ထို့နောက် ရုရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံ တို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 4. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Brazil | 4600238 | 1647706 | 2792 | 22.3 |
| Viet Nam | 3146793 | 1398476 | 2250 | 15.2 |
| Colombia | 2513780 | 710440 | 3538 | 12.2 |
| Honduras | 1290077 | 430743 | 2995 | 6.2 |
| Indonesia | 1175547 | 464161 | 2533 | 5.7 |


Source : ITC TradeMap




Source : ITC TradeMap

List of exporting countries for the selected product in 2017

Product : 090111 Coffee (excluding roasted and decaffeinated)




Source : ITC TradeMap

၄။ ၂၀၁၇ ခုနှစ်တွင် ဖော်ပြပါ ကော်ဖီ (HS-Code 090111) အား တင်ပို့ရောင်းချ လျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ ဘရားဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ ဟွန်ဒူးရပ်စ်နှင့် အင်ဒိုနီးရှား နိုင်ငံတို့ဖြစ်ကြသည်။ ဘရားဇီးနိုင်ငံသည် ကန်ဒေါ်လာ ၄၆၀၀ ဒသမ ၂၃၈ သန်းဖိုး ရောင်းချ နိုင်ပြီး ဈေးကွက်ဝေစု ၂၂ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရပြီး ဒုတိယနေရာရှိ ဗီယက်နမ်ကလည်း ကန်ဒေါ်လာ ၃၁၄၆ ဒသမ ၇၉၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၅ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ကိုလံဘီယာ၊ ဟွန်ဒူးရပ်စ်နှင့် အင်ဒိုနီးရှား နိုင်ငံတို့က အစဉ်လိုက်နေရာယူထားကြသည်။ မြန်မာနိုင်ငံသည် ကော်ဖီတင်ပို့သည့် ကမ္ဘာ့နိုင်ငံ (၁၄၇) နိုင်ငံ တွင် အဆင့် (၇၉) နေရာ၌ ရပ်တည်လျက်ရှိသည်။

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### အမေရိကန်ဈေးကွက်

Fig 5. Top 5 world exporters to United States of America in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Colombia | 1219483 | 322626 | 24.8 |
| Brazil | 1014367 | 341316 | 20.7 |
| Viet Nam | 496952 | 220173 | 10.1 |
| Guatemala | 326073 | 74793 | 6.6 |
| Indonesia | 300526 | 70418 | 6.1 |

Source : ITC TradeMap

### ဂျာမဏီဈေးကွက်

Fig 6. Top 5 world exporters to Germany in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Brazil | 862287 | 323590 | 30.7 |
| Viet Nam | 516022 | 236303 | 18.4 |
| Honduras | 317584 | 107296 | 11.3 |
| Colombia | 182865 | 53405 | 6.5 |
| Peru | 159865 | 50088 | 5.7 |

Source : ITC TradeMap

## ကိုရီးယားဈေးကွက်

Fig 7. Top 5 world exporter to Korea, Republic of in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Colombia | 102742 | 27827 | 21.1 |
| Brazil | 86302 | 27483 | 17.7 |
| Viet Nam | 73889 | 34656 | 15.2 |
| Ethiopia | 49457 | 10560 | 10.2 |
| Peru | 34464 | 10995 | 7.1 |

Source : ITC TradeMap

## ဂျပန်ဈေးကွက်

Fig 8. Top 5 world exporters to Japan in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Brazil | 378538 | 117237 | 28.7 |
| Colombia | 266477 | 71339 | 20.2 |
| Viet Nam | 198260 | 88081 | 15 |
| Guatemala | 123686 | 29995 | 9.4 |
| Ethiopia | 93248 | 27482 | 7.1 |

Source : ITC TradeMap

**မလေးရှားဈေးကွက်**

Fig 9. Top world exporters to Malaysia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Indonesia | 90837 | 42434 | 41.6 |
| Viet Nam | 61453 | 29203 | 28.2 |
| Colombia | 23225 | 5423 | 10.6 |
| Brazil | 17804 | 5665 | 8.2 |
| Nicaragua | 10283 | 2258 | 4.7 |

Source : ITC TradeMap

၅။ ၂၀၁၇ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် ကော်ဖီတင်သွင်းမှု ပမာဏသည် ၃၁၇၄၈၄၁ တန်ရှိပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၉၀၄၉ ဒသမ ၉၃၅ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၄၃ ဒသမ ၄ ရာခိုင်နှုန်းရယူထားပါသည်။ ၂၀၁၇ ခုနှစ်တွင် ကော်ဖီအများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၃) နိုင်ငံမှာ ဂျာမဏီ၊ အီတလီ၊ ဘယ်လဂျီယံတို့ဖြစ်ကြပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် (၅) နှစ်တာကာလအတွင်းတန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Fig 10. ***Top Three EU Importers with the Biggest Growth in value Between 2013 and 2017***

| Importers | Annual growth in value between 2013-2017(%) | Annual growth in value between 2016-2017(%) |
|---|---|---|
| Germany | -2 | 3 |
| Italy | 2 | 8 |
| Belgium | -3 | 9 |

Source : ITC TradeMap

၆။ ကော်ဖီအများဆုံး တင်သွင်းသော EUထိပ်တန်း (၃) နိုင်ငံ၏ ၂၀၁၇ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 11. Top Three Coffee Importers of EU in 2017**

| Top Three Importers of EU in 2017 | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2017 (USD thousand) | Quantity imported in 2017 | Unit value (USD/unit) | Share in world imports (%) |
| World | 20840295 | 6892264 | 3024 | 100 |
| European Union (EU 28) Aggregation | 9049935 | 3174841 | 2851 | 43.4 |
| Germany | 2807312 | 1040752 | 2697 | 13.5 |
| Italy | 1538363 | 563258 | 2731 | 7.4 |
| Belgium | 812468 | 271955 | 2988 | 3.9 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၇။ ကော်ဖီ တင်သွင်းမှု အများဆုံး ထိပ်တန်းနိုင်ငံများ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင် ဘရာဇီး၊ ကိုလံဘီယာ၊ ဗီယက်နမ်နိုင်ငံတို့သည် အများဆုံး တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ယင်းနိုင်ငံများသည် ကမ္ဘာ့ဈေးကွက်တွင်လည်း ထိပ်တန်းပို့ကုန် (၁၀) နိုင်ငံ စာရင်း၌ ပါဝင်ကြသည်။ မြန်မာနိုင်ငံအနေနှင့်မူ ဂျာမဏီနိုင်ငံမှလွဲ၍ ကျန်ဝယ်လက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံတို့တွင် စာရင်းဝင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

၈။ မြန်မာ့ကော်ဖီသည် ယခင်က တွင်ကျယ်မှုမရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ်ခန့်ကစပြီး ကော်ဖီ သောက်သုံးသူများ ကမ္ဘာအနှံ့ တိုးပွားလာခဲ့သဖြင့် မြန်မာ့ကော်ဖီလောကလည်း လှုပ်ရှားခဲ့ပါသည်။ မြန်မာ့ကော်ဖီသည် အနံ့၊ အရသာ၊ အရည်အသွေးပိုင်းမှာ ထိပ်တန်းရှိသည်ကို ကမ္ဘာက အသိအမှတ်

ပြုလာပြီဖြစ်ကာ အဆင့်မြင့် ကော်ဖီဖြစ်ပြီး အရည်အသွေးမီကြောင်းကို ဂျာမဏီ၏ စစ်တမ်းတွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၉။ ယခုအခါ ကော်ဖီစိုက်ပျိုးမှုကို မြှင့်တင်ရန်နှင့် ပိုမိုတင်ပို့ရန် နိုင်ငံတော်မှလည်း တိုက်တွန်းအားပေးကူညီနေမှု၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ အသင်းအဖွဲ့များနှင့် စိုက်ပျိုးတောင်သူများ၏ ကြိုးပမ်းမှုကြောင့် မြန်မာ့ကော်ဖီကို ပိုမိုတင်ပို့နိုင်ရေး လုပ်ဆောင်နေပြီဖြစ်သည်။ တင်ပို့သည့်အခါတွင်လည်း အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်မှုများ ရရှိရန် အသိပညာ၊ နည်းစနစ်များနှင့် စံချိန်စံညွှန်းများကို ထိန်းသိမ်းတင်ပို့ရန် အလေးထား သင့်ပါသည်။

၁၀။ ထို့ကြောင့် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ရပ်တည်နိုင်ရေး၊ ပြည်ပ ဈေးကွက်ခိုင်မာရေး၊ ပြည်တွင်းဈေးကွက် ကျယ်ပြန့်ရေး၊ ဈေးကောင်းရရှိပြီး ကော်ဖီစိုက် တောင်သူများ ဘဝတိုးတက်အဆင်ပြေ၍ ဝင်ငွေတိုးကာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် အတွက် မြန်မာ့ကော်ဖီကဏ္ဍကို ပြည်တွင်းဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက် အလယ်ထိုးဖောက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ Commerce Journal Vol -18, No. 29

## သွင်းကုန်ခွန်လေ့လာချက်

၁၁။ အမေရိကန်၊ ဂျာမဏီ၊ ဂျပန်၊ မလေးရှား၊ အီတလီနှင့် ဘယ်လ်ဂျီယမ်နိုင်ငံတို့က MFN duties သုညရာခိုင်နှုန်း သတ်မှတ်ထားသည်။ ကိုရီးယားနိုင်ငံက MFN duties ကို သုညဒသမ ၀၂ ရာခိုင်နှုန်း၊ LDC Coutriesနှင့် ASEAN Countries အတွက် သုညရာခိုင်နှုန်း သတ်မှတ်ထား ကြောင်းလေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် LDC ဖြစ်ရုံသာမက ASEAN အဖွဲ့ဝင်နိုင်ငံ လည်းဖြစ်သောကြောင့် အထူးဦးစားပေးအကောက်ခွန်နှုန်းကို ခံစားခွင့်ရှိသည်ကို တွေ့ရပါသည်။

# Tariff Rate of Coffee

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| America | MFN duties (Applied) | 0 |
| Germany | MFN duties (Applied) | 0 |
| Korea | MFN duties (Applied) | 0.02 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Japan | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| Italy | MFN duties (Applied) | 0 |
| Belgium | MFN duties (Applied) | 0 |

Source: Market AccessMap